ရွှေညောင်ပင်ကျေးရွာ

ရွှေညောင်ပင်ကျေးရွာအုပ်စု၊ ဝိုင်းမော်မြို့နယ်

ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၆-၂၀၂၀)

ပြုစုရေးဆွဲရေးသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေညောင်ပင်ကျေးရွာ၊ဝိုင်းမော်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ခုနှစ် ၊မေလ

# မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ရွှေညောင်ပင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဝိုင်းမော်မြို့နယ် ၈

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၉

(၁) နိဒါန်း -ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ရာသီဉတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ -ဝင်ငွေ ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဧ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီမှု- လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ ၂၀

(၇) ကျေးရွာတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ ၂၃

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၉

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၀

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ**


(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား-၁ လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား-၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား-၃ လုပ်ငန်းနှင့်ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားနှုန်းထား

ဇယား-၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား-၅ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား-၆ ဉစ္စာဓနအဆင့် အခြေအနေ

ဇယား-၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား-၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား-၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား-၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား-၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား-၁၂ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား-၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား-၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

ဇယား-၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား-၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား-၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား-၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား-၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား-၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား-၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား-၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား-၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ပုံစံနှင့် အချိန်ကာလ

ဇယား-၂၅  ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း
ဇယား-၂၆  ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား-၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား-၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား-၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား-၃၀  မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား-၃၁  ကျောင်းတက်နှုန်း
ဇယား-၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား-၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား-၃၄ အဖြစ်များသော ရောဂါများ
ဇယား-၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား-၃၆  ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား-၃၇  သောက်သုံးရေရရှိနိုင်မှု
ဇယား-၃၈ အိမ်သာအမျိုးအစား
ဇယား-၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား-၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား-၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား-၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား-၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား-၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား-၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား-၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား-၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား-၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)**

ကိုးကားစာရင်း

အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ

DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

HIV ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်

MADB မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

MEB မြန်မာ့စီးပွားရေးဘဏ်

MMK မြန်မာကျပ်

MOALI စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

NGO အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

STD လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

PTA မိဘဆရာအသင်း

TB တီဘီရောဂါ

VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းကဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်သည် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသ ည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု

အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

မေလ၊၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရွှေညောင်ပင်ကျေးရွာ
ဝိုင်းမော်မြို့နယ်

ရွှေညောင်ပင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝိုင်းမော်မြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ အစီအစဉ်ကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထား ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်၊ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့ အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင် ရွက်ရမည့်လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာ နှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင် သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ **စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်း များချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရ စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင် မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါ သည်။

(၂)**ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

(က) **တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

(ခ) **သဘာဝအရင်းအမြစ်**

လယ်ယာမြေ မြေဆီအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။တောင်သူအနည်းစုမှာ ဝါရှောင်ရေလွှဲ ဆည်မှဆည်ရေဖြင့် ရေသွင်းစိုက်ပျိုးနိုင်သည်။ မြေအောက်ရေအသုံးပြုမှုနည်းပါးပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧကမှာ လယ်မြေ(၃၇၃၂)ဧက၊လယ်ယာမြေ (၂၂၇၉) ဧက၊ဥယာဉ်ခြံ(၉၇၆)ဧက၊ တောင်ယာ(၅၀)ဧကရှိပြီး စပါး၊ ပြောင်းနှင့် မုံညှင်းကို အဓိကစိုက်ပျိုးကြသည်။

(၃)**ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) **လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း(၆၃၀)စုရှိပြီး ယခုကောက်ယူရရှိသော အိမ်ထောင်စုမှာ (၄၇၅)စုဖြစ်ပါသည်။ ကျန်အိမ်ထောင်စုမှာစစ်ရှောင်စခန်းတွင် သွားရောက်နေထိုင်ကြသောကြောင့် ကောက်ယူ၍ မရပါသဖြင့် ကျား(၁၂၁၇) ဦး၊မ(၁၁၉၃)ဦးဖြင့် လူဦးရေစုစုပေါင်း(၂၄၁၀)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦးနှုန်းရှိသည်။ ကျေးရွာတွင် ရှမ်းလူမျိုးအများဆုံးနေထိုင်ကြပြီး လူဦးရေ(၂၃၀၃)၊ ဂျိန်းဖော့ (၆၂၆)၊ ရဝမ်(၈)၊ လီဆူ(၂၃)၊ ချင်း(၂၁)နှင့် ရခိုင်(၄)ဦးတို့ဖြစ်သည်။ ကျေးရွာထဲတွင် အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၅%)ခန့်ရှိသဖြင့် လူသားအရင်းမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးလူဦးရေသည် အမျိုးသားဦးရေထက်(၂%)ပိုများသည်။

(ခ)**စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန် အားဖြင့် လျော့နည်းသည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၅၆%)သည်ဆင်းရဲနှင့်အလွန်

ဆင်းရဲ အိမ်ထောင်စုအဖြစ်ခံယူကြီးပြီး(၇%)သည် ချမ်းသာသည့်အဆင့်၊ (၃၇%)သည် အလယ်အလတ် အဆင့်ရှိကြသည်ဟုသတ်မှတ်ကြသည်။ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု၊လက်လှမ်းမှီမှု၊လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုတို့ကြောင့် စီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသောလယ်သမားအိမ်ထောင်စု အချို့မှာလည်းဈေးဆိုင်၊ဝပ်ရှော့၊ဆန်ကြိတ်စက်၊သစ်စက်စသော အသေးစားအိမ်တွင်းမှု လုပ်ငန်းများတွင်လည်း ငွေရေးကြေးရေး အသင့်တင့်အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊လက်လုပ်လက်စား၊နေ့စားများ၊လက်သမားများ၊ပန်းရံများနှင့်မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်(၄)ဦးဖြစ်ပါသည်။

(ဂ)**ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊လက်လီလက်ကား၊သစ်ခွဲစက်၊ရာဘာခြံ၊ငှက်ပျောခြံများတွင် အလုပ်အကိုင် ရှာဖွေနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန် ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော အိမ်ထောင်စု(၇၉)စုကို လေ့လာဆန်းစစ်မှုအရ (၁၃%)မှာသူတစ်ပါးထံမှချေးငှားပြီးနပ်မှန်စားသုံးနိုင်ကြောင်း၊ (၈၇%)မှာသူတစ်ပါးထံမှ မချေးမငှားဘဲ (၃)လခန့်စားသုံးနိုင်ကြကြောင်း တွေ့ရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ(၅၀၀၀၀)ကျပ်မှ ငါးသိန်းကျပ်အထိ အကြွေးတင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏(၄.၄%)ခန့်သည် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ ဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုများမှာ မိသားစုဦးရေများပြားကြသည်။အလားတူ ရွာပြင်ပတွင် သွားရောက်အလုပ်လုပ်နေကြသော အိမ်ထောင်စု(၃)စုနှင့် မုဆိုးဖို၊တစ်ခုလပ်ဦးဆောင် သည့်အိမ်ထောင်စု(၅)စုသည် ဆင်းရဲပြီး ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မသန်စွမ်း(၁၅)ဦးနှင့် မိသားစုစောင့်ရှောက်မှု နည်းသူများဖြစ်သည်။သက်ကြီးရွယ်အို(၂)ဦးတို့ဖြစ်ကြသည်။ ရွာပြင်ပသို့သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါများ၊အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ရှိတတ်ကြသည်။

ယခုနှစ်ပိုင်းများတွင် ကျေးရွာအတွင်း၌ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုမှာ ပို၍များပြားလာသည်။ ထိုမူးယစ်ဆေးဝါးကြောင့်ကျေးရွာအတွင်း၌ အနာဂါတ်မျိုးဆက်သစ်လူငယ်လူရွယ် များစွာ ထိခိုက်နစ်နာမှုများ ရင်ဆိုင်ကြုံတွေ့နေရသည်။မူးယစ်ဆေးဝါးကြောင့် ကိုယ်ခံအားကျဆင်းမှု ရောဂါဖြစ်ပွားနေသူ(၅၀)ဦးခန့်ရှိပါသည်။ARTဆေးဝါးကို မြစ်ကြီးနားဆေးရုံနှင့် AZGအဖွဲ့မှ ပံ့ပိုးကူညီ ပေးပါသည်။

ပြည်တွင်းပဋိပက္ခကြောင့် စစ်ဘေးရှောင်သူ အိမ်ခြေ(၁၅၅)အိမ်ခန့်ရှိပြီး ကျေးရွာ၏လူမှုစီးပွားဖွံ့ဖြိုး တိုးတက်မှုအား များစွာသက်ရောက်မှုရှိပါသည်။

### (ဃ)**ကျန်းမာရေးနှင့်အဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်း ကျန်းမာကြသည်။သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ဖြစ်ပွားမှုရှိကြောင်း တွေ့ရသည်။ အမျိုးသမီးလူငယ်လူရွယ် သက်ကြီးပိုင်းတို့သည် လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာ သားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်းရရှိနိုင်ကြသည်။(၁၂)မိုင် ကွာဝေးပြီး ကားလမ်းဖြင့်အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ဆေးဆိုင်များနှင့်လည်း လက်လှမ်းမှီသည်။ကျေးရွာသားများသည် ရာသီအလိုက်ဖြစ်သော နှာစေး၊ ချောင်းဆိုး၊မိုးရာသီတွင်ငှက်ဖျား၊ဝမ်းပျက်ဝမ်းလျှောများဖြစ်ကြသည်။အသက်(၄၀)အထက်တွင် သွေးတိုးရောဂါ အဖြစ်များပြီး အမျိုးသမီးငယ်များတွင်သားအိမ်တွင် ရေအိမ်တည်သောရောဂါ အနည်းငယ်ဖြစ်ကြသည်။ ကျောက်ကပ်၊ ကျောက်တည်ခြင်းသည် သည်းခြေကျောက်တည်ခြင်းများလည်း မကြာခဏတွေ့ရသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊မော်တာတုံကင်၊ကွန်ကရစ်ရေတွင်းများမှ မြေအောက်ရေကို အလွယ်တကူ ရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊တိုက်ဖိုက်၊အစာအိမ်ရောင်စသောရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရသည်။

### (င)**ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်များပြားသည်။ကျေးရွာတွင် အခြေခံပညာရေးကိုရွာထဲရှိ မူလတန်း၊အလယ်တန်းကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။နွေရာသီတွင် “**အ**”သုံးလုံးသင်တန်းများကို လာရောက်သင်ကြားပေးသည်။သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲ ဖြစ်သည်။

### (စ)**ကျား-မရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်းလည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများ တွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးများအတွက်နည်းပြီး အလယ်တန်းအဆင့်တွင်လည်း ကျားအရေ အတွက်က ပိုများနေ၍ အမျိုးသမီးများအတွက် ပညာ သင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများထက် နည်းနေပါသည်။သို့သော် ကျေးရွာတွင် နေ့စားလုပ်အားခငွေများမှာ အမျိုးသမီးများက ပိုမိုရကြသည်။ ဥပမာ အားဖြင့် လုပ်အားသဘာဝနှင့် အင်အား စိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများ ထက် လုပ်အားခလျှော့နည်းပြီး ရကြသည်။ကျေးရွာတွင် ဖွဲ့စည်းထားသော ဘာသာရေး၊လူမှုရေးအဖွဲ့အစည်းတွင် အမျိုးသမီးဦးရေ သည် အမျိုးသားဦးရေနှင့် တန်းတူရှိသည်။ကျား-မတန်းတူဖွံ့ဖြိုးမှုနှင့် အသိပညာပေးခြင်းများ မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု ၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါ သည်။

## ၄။ **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

### (က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၅)ဖွဲ့၊ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(၁)ဖွဲ့ စီးပွားရေး ဆိုင်ရာ အဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာ အဖွဲ့တို့ရှိသည်။ ယင်းအဖွဲ့အစည်းများအနက် ပြင်ပ မှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့၊မိခင်နှင့်ကလေးအဖွဲ့တို့မှာ လှုပ်ရှားဆောင်ရွက်မှုအားနည်း သည်။ မြန်မာ့အသေးစားချေးငွေအဖွဲ့ဖြစ်သော မြစိမ်းရောင်အဖွဲ့နှင့် သမဝါယမအဖွဲ့မှာ ပြင်ပမှဖွဲ့စည်းပေး ထားပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျှက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့ အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင် ရွက်လျှက်ရှိသည်။ကျေးရွာရှိ အဆိုပါအဖွဲ့အစည်း များမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင် ရွက်မှု၊အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

### (ခ)**သီးနှံနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၃၇၃၂)ဧကရှိပါသည်။ရေလှောင်တမံ ရေလွှဲဆည်များမရှိသောကြောင့် နွေးစပါးစိုက်ပျိုးခြင်းမရှိပါ။ကိုင်း၊ကျွန်းမြေ(၆၄၅)ဧကရှိပြီး မိုးရာသီတွင် မိုး ပြောင်း (အစေ့ထုတ်)စိုက်ပျိုးပြီး ဆောင်းရာသီတွင် ပြောင်း၊နှမ်း၊မုံညှင်းတို့ကို စိုက်ပျိုးကြသည်။စပါး အထွက် နှုန်းမှာ တစ်ဧက(၄၀)တင်း၊ ပြောင်းတစ်ဧက(၂၀-၃၀)တင်း၊ နှမ်း၊မုံညှင်းတစ် ဧက(၅-၁၀)တင်းတို့ဖြစ်ပါသည်။ ကျေးရွာ၏ အရှေ့မြောက်၊အရှေ့တောင်၊အနောက်တောင်အရပ်တို့တွင် တောင်ယာမြေ(၂၂၇၉)ဧက၊ ဥယာဉ်မြေ

(၃၂၆)ကေ၊ နှစ်ရှည်သီးနှံစိုက်ခင်း(၃၅၀)ကေ၊ ရွှေ့ပြောင်း တောင် ယာမြေ(၅၀)ကေ၊စားကျက်မြေ (၅၀)ကေ၊ ပလပ်မြေ(၂၃၇၅)ကေ၊ကြိုးပြင်ကာကွယ်မြေ(၃၆၀၀)ကေရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုအနည်းငယ်ရရှိပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိကြကာ ကုန်ကျစရိတ်မြင့်မားရသည်။တချို့တောင်သူများမှာအလုပ်သမားရှားပါးမှုနှင့်ကုန်ကျစရိတ်မြှင့်တက်မှုတို့ကြောင့် သီးနှံပေါ်ချိန်တွင် မိမိစားဝတ်နေရေးအတွက် မလုံလောက်ပါ။တောင်သူများသည် တစ်ခါတစ်ရံ မိုးရွာသွန်းမှု မညီမျှမှု ရင်ဆိုင်ရတတ်သည်။ စပါးပင်များတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးနှိမ်နှင်းရေး နည်းစနစ်ကို လိုလားနေကြသည်။ ကျေးရွာအတွင်းရှိ တောင်သူဦးကြီးများသည် သီးနှံစိုက်ပျိုးရာတွင် စိုက်ပျိုးရေးပညာ နည်းပါးခြင်း၊မိရိုးဖလာစိုက်ပျိုးနည်းကိုသာ အသုံးပြုခြင်း၊နည်းစနစ်ကျကျ စိုက်ပျိုးနိုင်ခြင်းမရှိသောကြောင့် သီးနှံအထွက်တိုးမှုမှာ လျော့နည်းနေသည်။

ကျေးရွာတွင်ဝက်မွေးသူအိမ်ထောင်စုအရေအတွက်မှာတစ်ရွာလုံး၏(၅၈%)သာရှိပြီးဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ဒေသကြက်မွေးသည့် အိမ်ထောင်စုသည် တစ်ရွာလုံးလုံး၏(၆၇%)ခန့် ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများမှာ အထူးသဖြင့် ကြက်လည်လိမ်ရောဂါနှင့် ဝက်ဆီးချုပ်ဝမ်းချုပ်ရောဂါများ အဖြစ်များပြီး သေဆုံးပျက်ဆီးမှုများရှိတတ်သည်။နည်းပညာ ဝန်ဆောင်မှုကို မြို့နယ်မွေး/ကုဦးစီးဌာနမှ လွှမ်းခြုံဆောင်ရွက်ပေးနိုင်ရန်လိုအပ်သည်။ ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်၊တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူမရရှိနိုင်ကြချေ။ရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မား တတ်သည်။ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာရှိသော်လည်း ငွေကြေးအခက်အခဲ၊ နည်းပညာမရှိသောကြောင့် ငါးမွေးမြူရေးလုပ်ငန်း မရှိပါ။ ကြက်မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူ (၂)ဦးရှိသည်။

### (ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေလုပ်ငန်းများမှာနေ့စားအလုပ်များ၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ အစိုးရဝန်ထမ်းလုပ်ငန်းအနည်းငယ်ရှိသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သောလုပ်ငန်းများ

ရှိကြသည်။ အပ်ချုပ်၊ဇာထိုး၊ပန်းထိုး၊ဆံပင်အလှပြင်၊မုန့်လုပ်ငန်း မော်တော် ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ ကား မောင်း၊ ဝပ်ရှော့စသည့်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်း များဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်း ငယ် နိမ့်ကျပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေး အဆင် ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊စက်ပြင်၊ဆံပင်အလှပြင်၊ဝပ်ရှော့စသော သင်တန်းများသို့ အခကြေးငွေအကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

(ဃ) **သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် လယ်ယာမြေများ၌ ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေး၊ ဓါတုဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစားဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲ မှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင် ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ကျေးရွာသည် မြေပြန့်ဒေသဖြစ်သောကြောင့် မုန်တိုင်းအန္တရာယ်နည်းပါးသည်။ အားပျော့သောမုန်တိုင်းဝင်ရောက်မှသာ တစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝဘေးအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါ သည်။အမက(၂)ကျောင်းဆောင်မှာ ၉၀'x၃၀'x၁၂'အရွယ်ရှိသွပ်မိုး၊အုတ်နံရံကာနှင့်အင်္ဂတေအခင်း ကျောင်းဆောင် တွင်သင်ကြားပေးသည်။ မူလတန်း ဆရာ/မ(၅)ဦးရှိပါသည်။ အမက(၂)ကျောင်းတွင် မူကြိုကျောင်း(၁)ကျောင်း ရှိ သည်။ မူကြိုဆရာမ(၂)ဦးရှိပါသည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် မူကြိုကျောင်း(၁)ကျောင်းရှိသည်။

(င)**ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသောချေးငွေကို (၁)နှစ် အတိုး နှုန်း (၈%)ကျပ်တိုး၊ (၁)ဧကလျှင် တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေး ရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လာရောက်ဖွဲ့စည်း ပေးသော မြစိမ်းရောင်အဖွဲ့ဝင်(၂၃၅)ဦး နှင့် သမဝါယမဦးစီးဌာနမှ လာရောက်ဖွဲ့စည်းပေးထားသော သမဝါယမအဖွဲ့(၅)ဖွဲ့ရှိပါသည်။ထိုအဖွဲ့(၂)ဖွဲ့လုံးမှာ ချေးငွေကာလ(၆)လ သတ်မှတ်ပြီး အတိုးနှုန်း(၈%)နှုန်း၊ စည်းကမ်းပိုင်းတွင်လည်း တင်းကျပ်ထားသည်။ တချို့ အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစား သူများထံမှ တစ်လလျှင်အတိုးနှုန်း(၅-၁၀)ကျပ်၊မိတ်ဆွေမိသားစုဝင် များမှ တစ်လလျှင် အတိုးနှုန်း (၅)ကျပ်နှုန်းဖြင့် ချေးယူနိုင်ကြသေးသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုအကြောင်းအရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြား ကြောင်း တွေ့ရှိရ ပါသည်။ကျေးရွာတွင် အကြွေးတင်ရှိမှုအနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့်အလွန်

ဆင်းရဲသောအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ(၅၀၀၀၀)ကျပ်မှ(၅၀၀၀၀၀)ကျပ် အထက် ချေးယူထားကြောင်း တွေ့ရှိခဲ့ပါသည်။

(စ) **ပညာရေး၊ကျန်းမာရေး၊ရေနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် အခြေခံပညာကျောင်း အမက(၁)တွဲဖက် အလယ်တန်းကျောင်းခွဲနှင့် အမက(၂)ကျောင်း (၂) ကျောင်းရှိသည်။အမက(၁)တွဲဖက်အလယ်တန်းကျောင်းတွင် အဆောင်(၃)ဆောင် ရှိပါသည်။အဆောင်(၁) ၉၀'x ၃၀'x၁၂'အရွယ်ရှိ သွပ်မိုး၊ပျဉ်ကာနှင့်ပျဉ်ခင်း၊အဆောင်(၃)၉၀'x၂၆'x၁၂'အရွယ်ရှိ သွပ်မိုး၊အုတ်နံရံကာနှင့် အင်္ဂတေ အခင်း ကျောင်းဆောင်တွင်သင်ကြားပေးသည်။ရွာသားအားလုံးမှာရေးတတ်ဖတ်တတ်ကြပြီးလူဦးရေအားလုံး၏ (၁%)မှာ ဘွဲ့ကြိုးကျောင်းပညာရေးကို ရရှိထားပြီးယခုနှစ်ကျောင်းအပ်နှံသည့်နှုန်းထားသည် ကျေးရွာရှိမူလတန်း အရွယ်နှင့် အလယ်တန်းအရွယ်ရှိ အရေအတွက်ထက်ပိုနေကြောင်း တွေ့ရှိရကာ ၎င်းမှာ မူလတန်း(၉)နှစ်၊ အလယ်တန်း(၁၄)နှစ်အထက် ကြီးသော ကျောင်းသားများပါရှိခြင်း၊စစ်တပ်ထဲမှ ကျောင်းသားများတက်ရောက် နေကြခြင်းတို့ကြောင့် ဖြစ်သည်။ကျောင်းတွင် ပရိဘောဂမလုံလောက်ပါ။ မူလတန်းပြဆရာ/မ(၆)ဦး၊ တိုင်းရင်း သား ဆရာ/မ (၂)ဦး၊ မူကြိုဆရာမ(၁)ဦး၊အလယ်တန်းဆရာမ(၉)ဦးတို့ရှိကြသည်။ကျောင်းတွင် ဆရာတပည့် အချိုးမှာ မူလတန်း(၅၄)ယောက်ရှိပြီး ဆရာမ မလုံလောက်ပါ။ အလယ်တန်းတွင်(၂၆)ယောက်ရှိသဖြင့် ကျောင်း ဆရာ/မ အင်အားလုံလောက်မှုရှိပါသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများ အတွက် ပြဌာန်းစာအုပ်နှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။စစ်တပ်ထဲမှ ဆေးတပ်သား (၃)ဦးထိုင်သော ပုဂ္ဂလိကဆေးခန်းဖွင့်လှစ်ထားသဖြင့် ရွာသူရွာသားများအတွက်ကျန်းမာရေးဝန်ဆောင်မှုတို့နှင့်လက်လှမ်းမှီသည်။

သောက်ရေအတွက် လက်နှိပ်ရေတုံကင်နှင့် မော်တာသုံးရေတုံတင်များ တပ်ဆင်သုံးစွဲကြပြီး တစ်ချို့ ရပ်ကွက်တွင် လုံလောက်မှုမရှိပါ။ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ် ထားကြပြီး အိမ်ထောင်စုအများမှာ မြေကျင်းရေလောင်းအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။စာသင်ကျောင်းတွင် လည်း ကျောင်းအိမ်သာမှာ လုံလောက်မှုမရှိသဖြင့် ကျောင်းသူကျောင်းသားများအတွက် အသုံးပြုရန် ခက်ခဲသည်။

(ဆ)**လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက်အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။သူတို့သည်ကျေးရွာရှိလူမှုရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့် ဖော် ဆောင်ခြင်းမရှိသေးချေ။

(ဇ)**အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာတွင်း၂၀၁၅ခုနှစ်တွင်(၁)မိုင်၊(၁၂)အရှည်ရှိမြေသားလမ်းကို ပြည်ထောင်စုလွှတ်တော်က ခင်းပေးခဲ့သည်။ ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီနှင့်နွားလှည်းများကို အသုံးပြုမောင်းနှင်ကြသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၃၆၁)စီး၊စက်ဘီး(၅၀)စီး၊ သုံးဘီးဆိုင်ကယ်(၅)စီး၊ထော်လာဂျီ(၂၆)စီး၊ နွားလှည်း(၂၂၀)ယှဉ်းနှင့် ဗင်ကား(၁၈)စီးတို့ကို အသုံးပြုလျှက်ရှိကြသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၆ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိအိမ်ထောင်စု အားလုံး၏(၄၈%)ခန့်သည် သွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမှီအသုံးပြုနိုင်သည်။ ကျေးရွာစာကြည့်တိုက်ရှိသော်လည်း ပုံမှန်မဖွင့်ခြင်း၊ ရွာသားများသည် သတင်းစာ၊ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုခြင်း မရှိပါ။တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(ဈ)**တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု အနည်းငယ်ရှိပြီး နိုင်ငံရေးမတည်ငြိမ်သောကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေးလိုပါသည်။အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးမတည်ငြိမ်သောကြောင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုအလွန်များပြားနေသဖြင့် ခိုဆိုး၊လုယက်သူ အနည်းငယ်ရှိသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြ ပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်မှုနည်းပါးသည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်အတွက် ကော်မတီများဖွဲ့စည်းထားသည်။ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်သော်လည်း ထိရောက်စွာ လာရောက်အရေးယူမှု နည်းပါးသည်။ထို့ကြောင့် မူးယစ်အန္တရာယ်ကို ထိထိရောက်ရောက် အရေးယူနှိမ်နှင်းပေးစေလိုပါသည်။

**၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ကျောင်းသူ/သားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ်များအနည်းငယ်ရှိပြီး လူဦးရေအားလုံး၏ (၆၅%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ဘွဲ့ရအရေအတွက်အလွန်နည်းပါးပြီး အလုပ်လုပ်နိုင်သောအရွယ်မှာများသောကြောင့် ကျွမ်းကျင်

မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြား ပေးခြင်းဖြင့်လူသားအရင်းအမြစ်များကိုတိုးတက်ကောင်းမွန်စေပါသည်။ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့်ဝန်ဆောင်မှုများတို့လည်း အလွယ်တကူလက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုများအတွက်လည်း ဝိုင်းမော်မြို့နယ်ဆေးရုံသို့ သွားရောက်ကုသမှုများ ခံယူနိုင်ကြသည်။ကျေးရွာ တွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် လိုအပ်ချက်များစွာ ရှိနေသည်။

သဘာဝအရင်းအမြစ်များတွင် လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော် အသင့်ကောင်းမွန်သည်။တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ ကျေးရွာသည် မြစ်ကြီးနား-ဗန်းမော်နှင့်ဝိုင်းမော်များသို့ ကတ္တရာလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်သည်။ နယ်စပ်ဒေသနှင့်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော်လည်း နိုင်ငံရေးအခြေအနေကြောင့် အချိန်မှီတင်ပို့ရောင်းချနိုင်ခြင်း မရှိပါ။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်မှာ ကြက်နှင့်ဝက်ဖြစ်ပြီး စီးပွားဖြစ်မွေးမြူသည့်လူဦးရေ နည်းပါးပြီး အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူကြသည်။သို့သော် မွေး/ကုဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုမရှိသောကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွတ်ခြင်းမရှိပါ။ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

### (ခ)**အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်တင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအတွက် အထွက်နှုန်းတိုးမြှင့်အောင် အားစိုက်ရမည်ဖြစ်ပါသည်။

ဝါရှောင်ရေလွှဲဆည်မှ ရေသွယ်စိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင် ရေသွယ်မြောင်းတိုးချဲ့ဆောက်လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်မည့် စိုက်ဧကတိုးတက်လာစေရန်ဆောင်ရွက်သင့်ပါသည်။ထို့ပြင် ပိုးသတ်ဆေးကိုခံနိုင်သော ဖျက်ပိုးများလည်း လယ်ယာမြေများတွင် ကျရောက်တတ်သည်။မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာအကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးကျင့်သုံးနိုင်ရေးအထောက်အပံ့များ ရရှိရန်လိုအပ်သည်။ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသော စနစ်လည်း

မရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စိုက်ပျိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသေးသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်လည်း အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းနေပါသည်။

**၆။ပန်းတိုင်နှင့်မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးလက်ဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကို တိုးတက်ရေးရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(ခ)**အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး၊ နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများမှတဖန် ကျေးရွာတွင်ရရှိထားသောနည်းပညာမျာကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(ခ-၂)ကျွန်ုပ်တို့သည် အပ်ချုပ်၊ဇာထိုးပန်းထိုး၊ယိုနှင့်မုန့်လုပ်ငန်း၊ဆံပင်ညှပ်၊စက်ပြင်၊မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင် စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။

(ခ-၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းဆောင်၊ စာသင်ဆောင်တိုးချဲ့ခြင်း၊ ဆရာမနေအိမ်ဆောက်လုပ်ခြင်း၊ အားကစားကွင်းပြုလုပ်ပေးခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းကို တိုးမြှင့်လာရေးအတွက် ဆောင်ရွက်သည်။ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲထပ်မံတိုးမြှင့်ပေးရန် ဘာသာရပ်အလိုက်ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(ခ-၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်လိုအပ်သော ကျေးရွာ၏အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက်ဆောင်ရွက်သွားမည်။တစ်ချိန်တည်းတွင်ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက် မည်။

## ၇။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စ

အစိုးရ၏ မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) **ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်များ ပြင်ဆင်ရန်ဖြစ်သည်။

(ခ) **စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးကြသည်။တောင်သူများအတွက် သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေးအတွက် နည်းစနစ် ရရှိရေးလိုအပ်သည်။ ဖျက်ပိုး နှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနဖြစ်သော စိုက်ပျိုးရေးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုး ရေး ထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။ သီးနှံ ဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်း ရှိကြကာ တောင်သူများအတွက် သီးနှံပျက်ဆီးမှုနှင့် ဝင်ငွေ လျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်းရေးနည်းပညာ အသစ်ရရှိရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဆောင်ရွက်ပေးစေလိုပါသည်။

(ဂ)**ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် စိုက်ဘဏ်မှ ချေးငွေပြန်ဆပ်ချိန်ကာလ တိုးမြှင့်ပြောင်းလဲချမှတ်ပေးသင့်ပါသည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။

(ဃ) **ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင်အသေးစားစက်မှုလက်မှုလုပ်ငန်းများမှာဆန်စက်၊ဆီစက်၊သစ်စက်၊အမှုန့်ကြိတ်စက် စသည် တို့ ဖွံ့ဖြိုးနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့် အမျိုးသားများ အတွက် အခွင့်အလမ်းရှိပါသည်။ကျေးရွာတွင် လက်မှုလုပ်ငန်း၊အိမ်တွင်းမှုလုပ်ငန်း မရှိသည့်အတွက် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းမရှိပါ။သို့သော် ၎င်းတို့တွင် လုပ် ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊သတင်းအချက်အလက်များ လက်လှမ်းမှီမှုတွင် အားနည်းပါသည်။ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုး ကွဲပြားနေသော လုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်မတို့ကျေးရွာမှ အသေးစား လုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော် အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ် အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါ သည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ် ဒေသမှသည် ကျေးရွာအထိ လိုအပ်သောစီးပွားရေးလုပ်ငန်း၊စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင် ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်းရှိရပါမည်။

(င) **ကျေးလက်ဈေးဆောက်လုပ်ရေး**

ကျေးရွာတွင် ဆိုင်ခန်း(၃၀-၄၀)ပါရှိသည့် ပထဝီဈေးတစ်ခုရှိပါသည်။ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများက ရေသန့်ရှင်းရေးစနစ်နှင့်လမ်းတို့စနစ်တကျပါဝင်သည့် ဈေးအဆောက်အဦတစ်ခုတည်ဆောက်ပေးရန် ပါဝင်ဆောင်ရွက်ပေးသင့်ပါသည်။ရွှေညောင်ပင်ကျေးရွာအပြင် အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားအချို့အတွက်လည်း အကျိုးခံစားမှုရရှိစေနိုင်ပါမည်။

၈။ **စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောတရားနားလည်စေနိုင်မည့် ဖော်ထုတ်ချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည်(၅)နှစ်တာစီမံချက် ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကတွက်ချက်မှုများဖြစ်သည်။

(က) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက (၅)နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်၊(၃)နှစ်ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း (၅)နှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့်(၅)နှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) **ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက်သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်များကို အကဲဖြတ်ရာတွင်စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံး၊ငွေရင်းအသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူ ပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်-

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ ပါဝင်သည်။

(ဂ) **ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ် ကို ဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များနှင့် အခြား အေဂျင်စီများထံမှ နည်းပညာအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်း များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ | | | | | |
|---|---|---|---|---|---|
| **ကဏ္ဍ** | **စီမံချက်** | **ရမှတ် ပေါင်း** | **အဆင့်** | **စီမံချက်အကြောင်းရှင်းလင်းဖော်ပြချက်** | **မှတ်ချက်** |
| အုပ်ချုပ်ရေး ကဏ္ဍ အုပ်ချုပ်ရေး ကဏ္ဍတိုးတက် မှု | ၁။အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေး ရေး | ၇၀ | ၇ | -ငြိမ်ချမ်းရေးရရှိစေရန်နှင့်စည်းလုံးညီညွတ်မှုရရှိရန်ညှိနှိုင်းပေးရန် တောင်းခံခြင်း<br>-ဘေးကင်းလုံခြုံရေးရရှိရန် ကာကွယ်ရေးဌာနမှ ဌာနေပြည်သူ့ စစ်များကို အထူးမွမ်းမံသင်တန်းစည်းရုံးရေးနှင့် အုပ်ချုပ်ရေး သင်တန်းပေးရန် တောင်းခံခြင်း<br>-မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန်ထိထိရောက်ရောက် အရေးယူနှိမ်နှင်းဖို့အတွက် တင်ပြတောင်းခံခြင်း | အထွေထွေ အုပ်ချုပ် ရေးဦးစီး ဌာန |
| စိုက်ပျိုးရေးက ဏ္ဍ စိုက်ပျိုးရေး သွင်းအားစုနှင့် နည်းပညာသင် တန်း | ၂။စိုက်ပျိုးရေးဆိုင် ရာနည်းပညာဗဟု သုတကျွမ်းကျင်မှု များတိုးတက်ရေး | ၇၆ | ၅ | - စိုက်ပျိုးရေးသွင်းအားစုဆက်သွယ်မှုရရှိရန်တောင်းခံခြင်း<br>-မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း<br>-ဆည်မြောင်းများ ဖောက်လုပ်ပေးခြင်း<br>-စပါးအထွက်တိုးနည်းပညာသင်တန်း(ပိုးမွှားနှင့်ရောဂါ)<br>-စိုက်ဘဏ်မှချေးငွေကို ကာလတိုးမြှင့်ပေးရန် | စိုက်ပျိုး ရေး ဦးစီး ဌာန |
| မွေးမြူရေးနှင့် ရေလုပ်ငန်း ဈေးကွက်နှင့် | ၃။မွေးမြူရေး လုပ်ငန်းဆိုင်ရာ တိုးတက်ရေး | ၇၃ | ၆ | -တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုရရှိအောင် မွေးကုဌာနသို့ တင်ပြတောင်းခံခြင်း<br>-ရောဂါကာကွယ်ဆေးထိုးအစီအစဉ် | မွေးမြူရေး ဦးစီးဌာန |

| | | | | | |
|---|---|---|---|---|---|
| နည်းပညာ<br>သင်တန်း | | | | -ခေတ်မှီမွေးမြူရေးစနစ်များဆောင်ရွက်နိုင်ရန် | |
| အခြားဝင်ငွေရ<br>လုပ်ငန်းများ<br>သင်တန်း၊စီးပွား<br>ရေးလုပ်ငန်းများ<br>နှင့်ချိတ်ဆက်<br>ခြင်း | ၄။ အလုပ်အကိုင်<br>အခွင့်အလမ်းများ<br>ပြားလာစေရေး | ၇၈ | ၄ | -ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းပညာပေးခြင်း<br>(စက်ချုပ်၊မုန့်လုပ်၊စက်ပြင်၊ဆိုင်ကယ်ပြင်)<br>-အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာ<br>ပံ့ပိုးမှု တင်ပြတောင်းဆိုခြင်း<br>-အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းသက်ဆိုင်သောမူဝါဒ၊နိုင်ငံခြားသို့<br>အလုပ်လုပ်နိုင်ရေးအတွက် မူဝါဒနှင့်လုပ်ထုံးလုပ်နည်း၊မူဝါဒ | ကျေးလက်<br>ဦးစီးဌာန |
| ဘဏ်နှင့်<br>ငွေကြေးဝန်<br>ဆောင်မှု<br>လုပ်ငန်း<br>ချေးငွေလက်<br>လှမ်းမှီရေး | ၅။သင့်တင့်သော<br>အတိုးနှုန်းဖြင့် ကာလ<br>ရှည်ချေးငွေပေးနိုင်<br>မည့် အဖွဲ့များနှင့်<br>ချိတ်ဆက်ရေး | ၆၇ | ၉ | -ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်ခြင်း<br>-အတိုးနှုန်းသက်သာပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့် အဖွဲ့<br>များနှင့် ချိတ်ဆက်ခြင်း<br>-အကျိုးတူကန်ထရိုက်စနစ်ဖြင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်<br>ရန် တောင်းခံခြင်း | ပြင်ပ အဖွဲ့<br>အစည်းများ<br>NGO |
| ပညာရေး<br>ကလေးပညာ<br>ရေးဖွံ့ဖြိုးရေး | ၆။ကျေးရွာ၏ ပညာ<br>တတ်မြောက်မှု<br>တိုးတက်ရေး | ၈၀ | ၃ | -ကလေးကစားကွင်းတည်ဆောက်ခြင်း<br>-ကျောင်းတွင်ကန်တည်ဆောက်ခြင်းနှင့်ရေသန့်စက်၊လက်ဆေးစင်<br>များ ပြုလုပ်ပေးခြင်း<br>-ကျေးရွာ၏ ပညာရေးတိုးတက်ရန်အတွက်သင်ထောက်ကူပစ္စည်း၊<br>ဆရာမအဆောင်များ ပံ့ပိုးဆောင်ရွက်ခြင်း | ပညာရေး<br>ဦးစီးဌာန |
| ကျန်းမာရေး | ၇။ကျေးရွာ၏ | ၆၈ | ၈ | -ကျေးလက်ဆေးပေးခန်းတွင် ပရိဘောဂနှင့်ဆေးဝါးများ | ကျန်းမာရေး |

| | | | | | |
|---|---|---|---|---|---|
| ကျေးရွာ၏ ကျန်းမာရေးတိုး တက်လာစေ ရေး | ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | | | လုံလောက်မှုရှိရန်<br>-မြို့နယ်ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ခြင်း<br>-ကျန်းမာရေးဝန်ထမ်းတိုးမြှင့်ပေးရန်၊ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း | ဦးစီးဌာန |
| မူးယစ်ဆေးဝါး ပပျောက်ရေး | ၈။ကျေးရွာရှိ လူငယ် လူရွယ်များ မူးယစ် ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရေး | ၈၈ | ၁ | -ပြည်ထဲရေးဌာနသို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရန်အတွက် တောင်းခံခြင်း<br>-တိုက်ဖျက်ရန်ကော်မတီများဖွဲ့စည်းခြင်း<br>-ကျန်းမာရေးဌာနသို့ မူးယစ်တိုက်ဖျက်ရေးဟောပြောပွဲများလာ ရောက်ပြုလုပ်ရန် တောင်းခံခြင်း | အထွေထွေ ဦးစီးဌာန |
| လမ်းပန်းဆက် သွယ်ရေး လမ်း၊ တံတားကောင်း မွန်လာစေရေး | ၉။ပို့ဆောင်ရေး အခြေခံအဆောက် အဦများ တိုးတက် လာစေရေး | ၈၅ | ၂ | -ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်း၍ ကျေးရွာတွင်းလမ်းများ ပြုပြင်ခြင်း<br>-ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း<br>-ရွာတွင်းကွန်ကရစ်တံတားငယ်များတည်ဆောက်ခြင်း | ကျေးလက် ဦးစီးဌာန |
| လူငယ်၊ယဉ် ကျေးမှုနှင့်အား ကစားလူငယ် များစွမ်းဆောင် ရည်တိုးတက် လာစေရေး | ၁၀။လူငယ်များ ကျန်းမာကြံ့ခိုင်ပြီး စာပေဗဟုသုတ လေ့လာနိုင်စေရေး | | | -အားကစားကွင်းနှင့်ပစ္စည်းများတင်ပြတောင်းခံခြင်း<br>-စာကြည့်တိုက်များပြန်လည်အသက်ဝင်လာစေရန် စာအုပ်များ ဖြည့်ဆည်းခြင်း၊စာပေဟောပြောပွဲများ ပြုလုပ်ခြင်း<br>-ထူးချွန်လူငယ်များအား အသိအမှတ်ပြုဆုပေးပွဲများ ပြုလုပ် ပေးခြင်း | ပြန်/ဆက် ဦးစီးဌာန |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | **စီမံချက်(Project)** | ဦးစားပေး အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | မူးယစ်ဆေးဝါးပပျောက်ရေး | ၁ | A | A | A | A | A |
| ၂ | ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရေး | ၂ | A | A | | | |
| ၃ | ပို့ဆောင်ရေးအခြေခံအဆောက်အဦများတိုးတက်လာစေရေး | ၃ | A | A | A | | |
| ၄ | အလုပ်အကိုင်အခွင့်အလမ်း များပြားလာစေရေး | ၄ | A | A | | | |
| ၅ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတကျွမ်းကျင်မှုများ တိုးတက်ရေး | ၅ | A | A | A | A | A |
| ၆ | မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး | ၆ | A | A | A | | |
| ၇ | အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး | ၇ | A | A | | | |
| ၈ | ကျေးရွာ၏ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | ၈ | A | A | A | A | A |
| ၉ | သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ရေး | ၉ | A | A | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၀ | လူငယ်များအားစွမ်းဆောင်ရည်မြှင့်တင ပေးရေး | ၁၀ | A | A | A | A | |

**၉။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက် ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် အချို့ စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်း လိုအပ်ပါ သည်။ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင် မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊အချိန် စသည်တို့)

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | မူးယစ်ဆေးဝါးပပျောက်ရေး | √ | | | | |
| ၂ | ကျေးရွာ၏ ပညာရေးတက်မြောက်မှု တိုးတက်လာစေရေး | | | √ | | |
| ၃ | ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက် လာစေရေး | √ | | | | |
| ၄ | အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး | | √ | | | |
| ၅ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ ကျွမ်းကျင်မှုများ တိုးတက်ရေး | | √ | | | |
| ၆ | မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက် ရေး | | | √ | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၇ | အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး | | | | √ | |
| ၈ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | | | | | √ |
| ၉ | သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည် ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ရေး | | | √ | | |
| ၁၀ | လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင် ပေးရေး | | | | √ | |

